
# အမေရိကန်နိုင်ငံသို့ ရွှေ့ပြောင်းနေပါသလား။

သင်သည် အမေရိကန်နိုင်ငံတွင် ရွှေ့ပြောင်းနေထိုင်ရန် ပြင်ဆင်နေချိန်တွင် သင်ယူစရာ များစွာရှိပါသည်။ သင်သည် ဘဝသစ်ကို စတင်မည်ဖြစ်ရာ အောက်ပါ အဓိက အချက် ဆယ်ချက်ကို သိသင့်ပါသည်-

၁ သင်နောက်ဆုံး ဆင်းသက်မည့်လေဆိပ်တွင် တစ်စုံတစ်ယောက်က သင့်ကို လာကြိုပါမည်။ အမေရိကန်နိုင်ငံသို့ သွားသည့် လေယာဉ်ခကို ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း အာမခံထားသည့် ငွေပေးချေရန် ကတိစာချုပ်ကို သင်မထွက်ခွာမီတွင် လက်မှတ်ရေးထိုးရမည်။



၂ အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့ရာတွင် မတူညီသည့် ယဉ်ကျေးမှုနှင့် စိတ်နေသားမကျမှု ဖြစ်ပေါ်ခြင်း၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့ရခြင်းတို့သည် ပုံမှန် ဖြစ်ပါသည်။ ၎င်းတို့ကို သင်က ချိန်ညှိနိုင်ရန် အတွက် အင်္ဂလိပ်စာသင်ယူခြင်း၊ လူသစ်များနှင့် တွေ့ဆုံခြင်း၊ သင်၏ လူမှုအသိုင်းအဝိုင်း အသစ်ကို လေ့လာခြင်းတို့ကို လုပ်ရပါမည်။




၃ နေရာပြန်လည်ချထားရေး ဆိုင်ရာ ဒေသခံ အေဂျင်စီက သင်၏ ကနဦးလိုအပ်ချက်များကို အခြေခံ ဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးမည်ဖြစ်ပြီး အကျုံးဝင်ပါက အပိုဆောင်း ဝန်ဆောင်မှုများအတွက် လွှဲပြောင်း ညွှန်ပြပေးမည် ဖြစ်ပါသည်။ ကောင်းမွန်သည့် ဆက်ဆံရေးကို တည်ဆောက်ခြင်းအားဖြင့် နေရာ ပြန်လည်ချထားရေး ဝန်ထမ်းများနှင့် တွေ့ဆုံချိန်ကို အကောင်းဆုံး အသုံးချပါ။



၄ အများပြည်သူအတွက် အကူအညီမှာ အကန့်အသတ် ရှိပြီး သင်၏ တည်နေရာနှင့် မိသားစု အရွယ်အစားတို့အပေါ် မူတည်၍ ပံ့ပိုးမှုများ ကွာခြား နိုင်ပါသည်။ သင်ရရှိသည့် အကျိုး ခံစားခွင့်များသည် အခြားသူများ ရရှိသည့် အကျိုး ခံစားခွင့်များနှင့် မတူညီနိုင်သောကြောင့် ၎င်းတို့ကို မနှိုင်းယှဉ်ပါနှင့်။



၅ အမေရိကန်နိုင်ငံသို့ သင်ရောက်ရှိသည့်အခါ သင့်အတွက် နေထိုင်စရာနေရာ ရပါမည်။ ၎င်းသည် တိုက်ခန်းကဲ့သို နေရာဖြစ်နိုင်ပြီး သင်လိုလားသော အရာ ဖြစ်ချင်မှ ဖြစ်ပါမည်။ သို့သော် ၎င်းသည် သန့်ရှင်းပြီး ဈေးတော်ကာ လုံခြုံသည့် နေရာ ဖြစ်ပါသည်။ သင်၏ လစဉ်ကုန်ကျစရိတ်တွင် အိမ်ခန်းခသည် အကြီးမားဆုံး ကုန်ကျစရိတ် ဖြစ်ပါသည်။



၆ အမေရိကန်နိုင်ငံတွင် နေထိုင်စရိတ် မြင့်ပါသည်။ ထို့ကြောင့် အလုပ်လုပ်ကိုင်ခြင်းသည် မိမိ ခြေထောက်ပေါ် ရပ်တည်နိုင်ရေးအတွက် အမြန်ဆုံးသော နည်းလမ်းဖြစ်ပါသည်။ သင်လိုလားသော အလုပ်မဟုတ်စေကာမူ သင့်အား ကမ်းလှမ်းလာသည့် ပထမဆုံးအလုပ်ကို လက်ခံခြင်းက အရေးကြီးပါသည်။



၇ အရေးပေါ်အခြေအနေတွင် အကူအညီ ရယူရန် အတွက် ၉၁၁ ကို ဖုန်းခေါ်ပြီး အော်ပရေတာအား သင်၏ လိုအပ်မှု (ရဲဌာန "ပို့လစ်"၊ မီးသတ် "ဖိုင်းယား"၊ သို့မဟုတ် အရေးပေါ်ဆေးရုံကား "အမ်ဗျူးလန့်စ်") နှင့် သင်၏ လိပ်စာ သို့မဟုတ် နေရာကို ပြောပါ။




၈ အမေရိကန်နိုင်ငံတွင် လူအားလုံး၏ အခွင့်အရေးကို ဥပဒေဖြင့် အကာအကွယ်ပေးထားသည်။ သင်သည် ဥပဒေကို လေ့လာပြီး လိုက်နာရမည်။ ဥပဒေကို မသိရှိစေကာမူ ဥပဒေကို ချိုးဖောက်ခြင်းကြောင့် သင်သည် ပြစ်ဒဏ်ချမှတ်ခံရပါမည်။



၉ အမေရိကန်နိုင်ငံတွင် ကျန်းမာရေး စောင့်ရှောက်မှု စနစ်သည် အတော်ပင် ရှုပ်ထွေးပါသည်။ ပထမ ၁၂ လအတွက် သင့်သည် ကျန်းမာရေးစောင့်ရှောက်မှု အာမခံကို ရရှိပါမည်။ နေရာပြန်လည်ချထားရေး ဝန်ထမ်းက သင်သိလိုသော မေးခွန်းများကို ကူညီ ဖြေကြားပေးနိုင်ပြီး အပိုဆောင်းအချက်အလက်များကို ပေးနိုင်ပါသည်။



၁၀ သင်၏ အိုင်အိုအမ် (IOM) စာရွက်စာတမ်း၊ နိုင်ငံကူးလက်မှတ်၊ ဘဏ်စာရင်း နံပါတ်၊ လူမှုဖူလုံရေး နံပါတ်ကဲ့သို့သော သင်၏ ကိုယ်ပိုင် အချက်အလက်များကို ကာကွယ်ပါ။ လျှို့ဝှက်အပ်သော အချက်အလက်များကို ပေးရန် လူကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ မေးမြန်း လာပါက အစဉ်အမြဲ သတိထားပါ။




## နောက်ထပ်မေးခွန်းများ ရှိပါသလား။ Settle In တွင် ပိုမိုလေ့လာပါ

Settle In သည် အမေရိကန်နိုင်ငံတွင် ပြောင်းရွှေ့ နေထိုင်ခြင်းနှင့် ပတ်သက်ပြီး ယုံကြည်ရသည့်၊ မှန်ကန်သည့် သတင်း အချက်အလက်များ ရရှိနိုင်သည့် သင့်အတွက် အကောင်းဆုံး နေရာ ဖြစ်ပါသည်။ Settle In ၌ အမေရိကန် နိုင်ငံတွင် နေထိုင်မှုဘဝနှင့် ပတ်သက်၍ ဘာသာစကားမျိုးစုံဖြင့် ဖော်ပြထားချက်များကို ရရှိနိုင်ပြီး အကြောင်းအရာ အမျိုးမျိုး အတွက် ဗီဒီယိုများ၊ ပေါ့ကတ်စ်များနှင့် အခြား အရင်းအမြစ်များကို ပံ့ပိုးပေးပါသည်။

**settleinus.org** ကို ဝင်ကြည့်ပါ

SettleIn

CORE
Cultural Orientation Resource Exchange

INTERNATIONAL RESCUE COMMITTEE

The contents of this fact sheet were developed under an agreement financed by the Bureau of Population, Refugees, and Migration, United States Department of State, but do not necessarily represent the policy of that agency and should not assume endorsement by the Federal Government. **This material is in the public domain and may be reproduced.**